**OFFICE OF THE SUPREME HEAQUARTERS**
**KAREN NATIONAL UNION**
**KAWTHOOLEI**

# Resettlement and Rehabilitation Policy

January 16, 2016

Due to the mayhem caused by the prolonged civil war, there are thousands upon thousands of people who have had to abandon their homes to live as refugees in neighboring countries and as internally displaced persons (IDPs) within the country. Furthermore, people have also become marginalized migrants in places where there is no armed conflict.

At present, the Karen National Union (KNU) and the Myanmar government have reached a ceasefire agreement, and effort is being made to achieve a nationwide ceasefire for the resolution of political problems through peaceful political means. In line with the political developments resulting from the peace process, the basic principles, shown below, have been laid down for the resettlement and rehabilitation of the war-displaced people, with the aim of gaining reliable security and long-term benefits.

1. Implementation of return and resettlement must be safe and provide a durable solution.
2. Implementation of return and resettlement must be transparent and accountable.
3. The resettlement and rehabilitation process must prioritize resettling villagers in their respective residential area (town/village) where they originally came from.
4. Resettling of villagers must be approved and must reach consensus among local residents in their respective town/village.
5. When resettling villagers in respective town/village, the resettlement process must be beneficial and must not put at a disadvantage to local residents.
6. The redistribution of land area for the resettlement process must reflect individual family size and must also provide job opportunities for their career.
7. Health and educational service providers must be acknowledged.
8. All resettlement and rehabilitation processes must strictly be aligned with Karen National Union's administration and management policy.

Supreme Headquarters
Karen National Union

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
**www.knuhq.org**

# ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအခြေခံမူ

နေ့စွဲ။ ။ ၂၀၁၆ခုနှစ် ဇန္နဝါရီလ (၁၆) ရက်

နှစ်ပေါင်းများစွာ ကာလကြာရှည်ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ဒါဏ်ကြောင့် ပြည်သူလူထုတို့သည် မိမိတို့၏နေရပ်ဌါနေကိုစွန့်ခွါပြီး တစ်ဖက်နိုင်ငံသို့ဒုက္ခသည် (Refugee) အဖြစ်သော်လည်းကောင်း၊ မိမိနိုင်ငံတွင်း၌ ထွက်ပြေးတိမ်းရှောင်နေရသည့် ပြည်တွင်းဒုက္ခသည်များ (Internally Displaced People - IDPs) အဖြစ်သော်လည်းကောင်းရှိသည်။ ထို့အပြင် စစ်မက်မဖြစ်ပွားသည့်ဒေသများတွင်လည်း အခြေမဲ့ အနေမဲ့ ပြည်တွင်း ရွှေ့ပြောင်းနေထိုင်ရသူ (Internal Migration) များလည်း များစွာရှိနေပါသည်။

လက်ရှိကာလတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိခဲ့ပြီဖြစ်ပြီး တနိုင်ငံလုံးအပစ်အခတ်ရပ်စဲစေကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ နိုင်ငံရေးတိုးတက်ဖြစ်ပေါ်လာမှုနှင့်အညီ နေရပ်စွန့်ခွာသွားသည့်ပြည်သူများအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးတွင် ယုံကြည်စိတ်ချသည့်လုံခြုံမှုနှင့် ရေရှည်အကျိုးရလဒ်ရှိစေရန် ရည်ရွယ်၍ အောက်ပါ အခြေခံမူများအား ချမှတ်ပါသည်။

၁။ ပြန်လည်နေရာချထားရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိတ်ချလုံခြုံမှုရှိပြီး ရေရှည်တည်တံ့ ခိုင်မြဲသည့် အကျိုးရလဒ်ဖြစ်ရမည်။
၂။ ပြန်လည်နေရာချထားရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်။
၃။ ပြန်လည်နေရာချထားရာတွင် လာရင်းဒေသကျေးရွာတွင် ပြန်နေထိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်။
၄။ ဒေသခံကျေးရွာတွင် နေထိုင်သည့်ပြည်သူလူထုမှ လက်ခံသဘောတူညီမှုရှိရမည်။
၅။ ပြန်လည်အခြေချနေထိုင်သူများကို လက်ခံသည့်ဒေသခံကျေးရွာပြည်သူများအား ထိခိုက်နစ်နာစေခြင်း မရှိသည့်အပြင် ၎င်းတို့ကိုလည်း အထောက်ကူပြုစေရမည်။
၆။ အိမ်ထောင်မိသားစုအလိုက် ထိုက်သင့်သည့်အိမ်ယာမြေနှင့် အသက်မွေးဝမ်းကြောင်းအတွက် အလုပ်အကိုင် အခွင့်အလမ်းရှိရမည်။
၇။ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သည့်ကျန်းမာရေး၊ ပညာရေးကဲ့သို့သောဝန်ထမ်းများကို အသိအမှတ်ပြုစေရမည်။
၈။ ကေအဲန်ယူ- အမျိုးသားအစည်းအရုံး၏အုပ်ချုပ်ရေးနှင့် စီမံကွပ်ကဲမှုအားဖြင့် စီစဉ်ဆောင်ရွက်သွားရမည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်